# The Baptism of the Lord (January 12, 2014)

## 1st READING: *Isaiah 42:1-4, 6-7*

ဟေရှာယအနာဂတ္တိကျမ်း ၄၂း ၁–၄၊ ၆–၇

ငါထောက်မသော ငါ့ကျွန်ရင်း၊ ငါနှစ်သက်မြတ်နိုးရာ ငါရွေးချယ်သောသူကို ကြည့်ရှုလော့။ ထိုသူ၏ အပေါ်၌ ငါ့ဝိညာဉ်ကို ငါတည်စေမည်။ သူသည် လူအမျိုးမျိုးတို့ကို တရားပေးလိမ့်မည်။ အော်ဟစ်ခြင်း၊ ကြွေး ကြော်ခြင်းကို မပြုမူ၍ လမ်းခရီး၌ သူ၏ အသံကို အဘယ်သူမျှမကြားစေရ။ နင်းနယ်လျှက်ရှိသော ကျူပင်ကို မချိုး။ အတောင့် သေးသော မီးစာကို မသတ်။ တရားသည် မြဲမြံခြင်းသို့ ရောက်မည့်အကြောင်း စီရင်လိမ့်မည်။ မြေကြီးပေါ်မှာ တရားတော်ကို မတည်စေမှီတွင် အားမလျော့၊ စိတ်လည်းမပျက်ရ။ သူ၏ တရားကိုလည်း၊ တစ်ကျွန်းတစ်နိုင်ငံသားတို့ သည် မျှော်လင့်ကြလိမ့်မည်။ငါထာဝရဘုရားသည် သင့်ကို တရားသဖြင့်ခေါ် ထားသည်ဖြစ်၍ လက်ဆွဲလျှက်ထောက်မမည်။ သင်သည် ကန်းသောမျက်စိတို့ကို ဖွင့်စိမ့်သောငှာ ရင်း၊ ချုပ် ထားသော သူတို့ကို လွှတ်စိမ့်သောငှာရင်း၊ မှောင်မိုက်၌ နေသောသူတို့ကို အမိုက်ထောင်ထဲက နှုတ် ယူ စိမ့်သော ငှာရင်း၊ သင့်ကို လူများနှင့် ပဋိညာဉ်ဖွဲ့စရာဘို့၊ လူအမျိုးမျိုး လင်းစရာဘို့ ခန့်ထားမည်။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

**Responsorial Psalm  Psalm  29: 1-2, 3-4, 3, 9-10**
**ဆာလံကျမ်း ၂၉**

**သံပြိုင်။**  ။ထာဝရဘုရားသည်မိမိ၏လူမျိုးတော်အားငြိမ်းချမ်းသာယာမှုနှင့်ပြည့်သည့်ကောင်းချီး
မင်္ဂလာ ပေးတော်မူလိမ့်မည်။
***R.* The Lord will bless his people with peace.**

၁။  ။အိုကောင်းကင်သားတို့ထာဝရဘုရားကိုအသိအမှတ်ပြုကြလော့။ဘုန်းဂုဏ်တော်နှင့်ခွန်အားဗလ
သည်ထာဝရဘုရားနှင့်သာသက်ဆိုင်ကြောင်းအသိအမှတ်ပြုကြလော့။နာမတော်၏ဘုန်းဂုဏ်တော်သည်ထာ
ဝရဘုရားနှင့်သာသက်ဆိုင်ကြောင်းအသိအမှတ်ပြုကြလော့။သန့်ရှင်းမြင့်မြတ်သောဂုဏ်ကျက်သရေနှင့်တင့်
တယ်တော်မူသောထာဝရဘုရားကိုဝတ်ပြုကိုးကွယ်ကြလော့။ **သံပြိုင်။** ။

Give to the LORD, you sons of God, give to the LORD glory and praise, Give to the LORD the glory due his name; adore the LORD in holy attire.

၂။  ။ ထာဝရဘုရား၏အသံတော်သည်ရေပြင်ပေါ်တွင်တည်ရှိတော်မူ၏ ။ဘုန်းကြီးတော်မူသောဘုရား
သခင်သည်မိုးချုန်းတော်မူ၏ ။ထာဝရဘုရားသည်ရေများပေါ်တွင်တည်ရှိတော်မူ၏ ။ထာဝရဘုရား၏အသံေ
တာ်သည်ဘုန်းတန်ခိုးတော်နှင့်ပြည့်စုံတော်မူ၏ ။ထာဝရဘုရား၏အသံတော်သည်ဂုဏ်ကျက်သရေနှင့်ပြည့်
ဝလျက်ရှိ၏ ။ **သံပြိုင်။** ။
The voice of the LORD is over the waters, the LORD, over vast waters. The voice of the LORD is mighty; the voice of the LORD is majestic.

၃။  ။ထာဝရဘုရား၏အသံတော်သည်ဝက်သစ်ချပင်တို့ကိုချာချာလည်စေသည်။သစ်တော်များကိုလည်း
ဖြုန်းတီးစေတော်မူ၏ ။ကိုယ်တော်၏ဗိမာန်တော်တွင်လူအပေါင်းတို့ကဘုန်းဂုဏ်တော်ရှိစေသတည်းဟုကြွေး
ကြော်ကြ၏ ။ထာဝရဘုရားသည်ရေလှိုင်းလုံးများအထက်တွင်စံပယ်တော်မူ၏ ။ကိုယ်တော်သည်ဘုရင်မင်းမြ
တ်အ ဖြစ်ပလ္လင်ပေါ်တွင်အစဉ်ထာဝရထိုင်တော်မူ၏ ။ **သံပြိုင်။** ။
The God of glory thunders, and in his temple all say, “Glory!” The LORD is enthroned above the flood; the LORD is enthroned as king forever.

**2nd READING: Acts 10:34-38**

တမန်တော်ဝတ္ထု **၁၀း ၃၄–၃၈**

ပေတရုသည်လည်း မိမိနှုတ်ကိုဖွင့်၍ပြောသည်ကားဘုရားသခင်သည် မျက်နှာမလိုက်ကြောင်းကို ငါ အမှန်တကယ်သိမြင်ရပြီ။ လူမျိုးတိုင်းတွင် မည်သူမဆို ဘုရားသခင်ကို ကြောက် ရွံ့ရိုသေ၍ဖြောင့်မှန် သောအရာကို လိုက်နာကျင့်ကြံသောသူသည် ကိုယ်တော်နှစ်သက်လက်ခံဖွယ်ဖြစ၏ ။ ကိုယ်တော်သည် နှုတ်ကပတ်တရားတော်ကို အစ္စရေးလ်လူမျိုးထံသို့ စေလွှတ်တော်မူ၍ ယေရှုခရစ်တော်အားဖြင့် ငြိမ်း ချမ်းသာယာခြင်း၏သတင်းကောင်းကို ဟောပြောစေခဲ့ကြောင့် သင်တို့သိကြ၏။ ထိုသူသည် လူအ ပေါင်းတို့၏သခင်ဖြစ်တော်မူ၏။ ယောဟန်သည်ဆေးကြောခြင်းကို ဟောပြောခဲ့ပြီးနောက်ဂါလိလေ နယ်မှစ၍ ဂျူဒေယပြည် တစ်လျှောက်လုံးတွင် ထိုနှုတ်ကပတ်တော်သည် ကြေငြာဟောပြောခြင်းခံခဲ့ရ၏။ ဘုရားသခင်သည် နာဇရက်မြို့သာယေရှုကိုသန့်ရှင်းသော ဝိညာဉ်တော် နှင့် ဘုန်းတန်ခိုးတော်အားဖြင့် မည်သို့ ဘိသိတ်သွန်းလောင်းခဲ့သည်ကိုလည်းကောင်း၊ယေရှု သည်လှည့်လယ်သွားလာ၍မည်သို့ ကောင်း မှုများပြု၍ နတ်ဆိုးဖိစီးနှိပ်စက်သူများကို ပျောက်ကင်းစေခဲ့သည်ကို လည်းကောင်းအကြောင်းများ ဖြစ်သ တည်း။ အကြောင်းမူကား၊ဘုရားသခင်သည် ကိုယ်တော်နှင့်အတူရှိတော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Matthew 3:13-17***

ရှင်မာတေဦး ဧဝံဂေလိကျမ်း **၃း ၁၃–၁၇**

ထိုအခါသခင်ယေရှုသည်ယောဟန်ထံမှ ဆေးကြော ခြင်းကိုခံယူရန် ဂါလိလေနယ်မှဂျော်ဒန်မြစ်ကမ်းသို့ ကြွလာတော်မူ၏။ သို့ရာတွင် ယောဟန်ကတပည့် တော်သည် ကိုယ်တော်ထံမှဆေးကြောခြင်းကိုခံယူရမည့်သူ ဖြစ်ပါလျက်နှင့် ကိုယ်တော်သည် အဘယ့် ကြောင့် တပည့်တော်ထံသို့ကြွလာတော်မူပါသနည်းဟုဆိုလျက်ကိုယ်တော်ကိုတားမြစ်လေ၏။ကိုယ်တော်ကလည်းသူ့အားပြန်ပြောတော်မူသည်ကားယခုမှာရှိပါစေ၊အကြောင်းမူကားဖြောင့်မှန်ရာအလုံးစုံတို့ကိုငါတို့လိုက်နာသင့်သည်ဟုဆိုသဖြင့်ယောဟန်သည်လည်းသဘောတူလေ၏။သခင်ယေရှုသည်ဆေးကြောခြင်းခံတော်မူပြီးရေထဲမှတက်လာတော်မူစဉ်တွင်ကောင်းကင်သည်ပွင့်လာပြီးဘုရားသခင်၏ဝိညာဉ်တော်သည်ကိုယ်တော်အပေါ်သို့ချိုးငှက်သဏ္ဍာန်ဖြင့်ဆင်းသက်လာသည်ကိုမြင်တော်မူ၏။ထို့နောက်ရုတ်တရက်ကောင်းကင်မှအသံထွက်ပေါ်လာသည်ကားဤသူသည်ငါနှစ်သက် မြတ်နိုးရာငါ၏ချစ်သားပေတည်းဟူ၍ဖြစ်သတည်း။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**